# Combatting Trafficking in Persons Policy

# လူကုန်ကူးမှု တိုက်ဖျက်ရေး မူဝါဒ

**စတင်အကျိုးသက်ရောက်သည့်နေ့ -** ၂၀၂၁ ခုနှစ်၊ မတ်လ ၉ ရက်

**အတည်ပြုသူ -** ညွှန်ကြားရေးမှူးများ ဘုတ်အဖွဲ့

**အတည်ပြုသည့်နေ့ -** ၂၀၂၁ ခုနှစ်၊ မတ်လ ၉ ရက်

**မူ အမှတ် -** ၂.၀

**အစားထိုးခြင်း -** ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ

**မူဝါဒ အမျိုးအစား -** အဆင့် ၁

**မူဝါဒ အမှတ် -** POL- ၀၀၁၁

**တာဝန်ရှိသည့် အဖွဲ့ -** ဥပဒေရေးရာ

**လိုအပ်သော သင်တန်း -** "လူကုန်ကူးမှု တိုက်ဖျက်ရေး" RI Academy/ Disaster Ready e-သင်တန်း

## ၁။ ရည်ရွယ်ချက်

**၁-၁။** Relief International (RI) သည် အပြင်းအထန်ဘေးအန္တရာယ် ကျရောက်ခံစား နေရသူများအား အကျိုးပြုမည့် လူသားချင်း စာနာ ထောက်ထားမှုနှင့် ဖွံ့ဖြိုးမှု ဆိုင်ရာ လုပ်ငန်း အစီအစဉ်များကို အလေးပေး လုပ်ဆောင်ပါသည်။ ကျွန်ုပ်တို့၏ ကတိကဝတ် ဖြစ်သည့် ကမ္ဘာပေါ်ရှိ ခက်ခဲရှုပ်ထွေး၍ စိန်ခေါ်မှု အရှိဆုံးနှင့် ပဋိပက္ခဒဏ် ခံစားနေရသော နိုင်ငံ အချို့အား အကူအညီများ ထောက်ပံ့ပေးခြင်းသည် ကျွန်ုပ်တို့၏ လုပ်ငန်းများတွင် စွန့်စားရမှု အန္တရာယ်များစွာ တွေ့ကြုံရနိုင်သည့် သဘော သက်ရောက်ပါသည်။ RI သည် လူကုန်ကူးမှုနှင့် ခေါင်းပုံဖြတ် အမြတ်ထုတ်မှု ကင်းရှင်းသော လုပ်ငန်း ပတ်ဝန်းကျင်နှင့် လုပ်ငန်း ဖော်ဆောင်မှုများ ဖန်တီးဖော်ဆောင်ပေးရန် ကတိကဝတ် ပြုထားပါသည်။

လူကုန်ကူးမှုနှင့် ခေါင်းပုံဖြတ် အမြတ်ထုတ်မှုသည် RI ၏ လုပ်ငန်းတာဝန်များနှင့် ဆန့်ကျင်ဖက်ဖြစ်ပါသည်။ RI သည် ကမ္ဘာတစ်ဝန်းရှိ ကျွန်ုပ်တို့၏ အဖွဲ့အစည်းများ၏ မည်သည့် အစိတ်အပိုင်းတွင်ဖြစ်စေ၊ ကျွန်ုပ်တို့၏ မည်သည့် မိတ်ဖက်အဖွဲ့အစည်းများတွင် ဖြစ်စေ လူကုန်ကူးမှုနှင့် ခေါင်းပုံဖြတ်အမြတ်ထုတ်မှုကို ခွင့်ပြုမည် မဟုတ်ပါ။ ဤမူဝါဒသည် ကျွန်ုပ်တို့၏ အဖွဲ့သားများ အနေဖြင့် လူကုန်ကူးမှုနှင့် ပတ်သက်ခြင်း၊ ပါဝင် လုပ်ဆောင်ခြင်း သို့မဟုတ် လူကုန်ကူးမှုမှ အကျိုးအမြတ်ရရှိခြင်းတို့ကို ရှောင်ရှားနိုင်ရန် ကျွန်ုပ်တို့၏ မျှော်မှန်းချက်များကို ဖော်ပြထားပါသည်။

## ၂။ အတိုင်းအတာ နယ်ပယ်နှင့် အကျုံးဝင် သက်ဆိုင်ခြင်း

**၂-၁။** ဤ မူဝါဒသည် Relief International Inc. (အမေရိကန် ပြည်ထောင်စု)၊ Relief International - ယူကေ၊ Relief International - ဥရောပ (ဘယ်လ်ဂျီယမ်) နှင့် MRCA/ Relief International - ပြင်သစ် နှင့် တွဲဖက်ထားသော အဖွဲ့အစည်းများ (ယင်းတို့ကို စုပေါင်း၍ **"Relief International"**)၊ Relief International ၏ ညွှန်ကြားရေးမှူးများဘုတ်အဖွဲ့၏ အဖွဲ့ဝင်များ၊ အရာရှိများ၊ စီမံခန့်ခွဲသူများ၊ ဝန်ထမ်းများ၊ ခေတ္တ ရွှေ့ပြောင်း တာဝန်ထမ်းဆောင်သည့် ဝန်ထမ်းများ၊ အလုပ်သင်များနှင့် စေတနာ့ဝန်ထမ်းများ (ယင်းတို့ကို စုပေါင်း၍ **"အဖွဲ့သားများ"**)၊ ထပ်ဆင့် ရန်ပုံငွေ ရရှိသူများ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ ကန်ထရိုက်တာများ၊ ပြင်ပမှ ကျွမ်းကျင်သူများ (အကျိုးဆောင် ရှေ့နေများ အပါအဝင်)၊ အတိုင်ပင်ခံများ၊ အေးဂျင့်များ၊ ကိုယ်စားလှယ်များ၊ Relief International ကိုယ်စား သို့မဟုတ် Relief International ၏ ညွှန်ကြားချက်ဖြင့် ဆောင်ရွက်သည့် အခြား မည်သည့် အဖွဲ့အစည်းနှင့် လူပုဂ္ဂိုလ် မဆို (ယင်းတို့ကို စုပေါင်း၍ **"မိတ်ဖက်များ"**)၊ နှင့် ဓာတ်ပုံ ဆရာများ၊ ရုပ်ရှင် ရိုက်ကူးသူများ၊ စာနယ်ဇင်းသမားများ၊ သုတေသန ပြုလုပ်သူများ၊ ပုဂ္ဂလိက အလှူရှင်များနှင့် အလှူရှင် ဖြစ်လာနိုင်သူများ၊ နှင့် Relief International က စီစဉ် ဖိတ်ကြားထားသည့် အခြားသူများ သို့မဟုတ် Relief International က အကောင်အထည် ဖော်နေသည့် သို့မဟုတ် ငွေကြေး ထောက်ပံ့ထားသည့် လုပ်ငန်း အစီအစဉ်များသို့ လာရောက် ကြည့်ရှုသူများ (**"ဧည့်သည်များ"**) အပါအဝင် Relief International ၏ အဆောက်အအုံ၊ နေရာ တစ်ခုခုသို့ လာရောက်သည့် ဧည့်သည်များ အားလုံးနှင့် အကျုံးဝင် သက်ဆိုင်ပါသည်။

## ၃။ မူဝါဒ ဖော်ပြချက်

**၃-၁။** RI ၏ မူဝါဒမှာ လူကုန်ကူးမှုကို တားမြစ်သည့် ဥပဒေများနှင့် စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာရန် ဖြစ်ပါသည်။ RI ၏ အဖွဲ့သားများနှင့် မိတ်ဖက်များသည် လူကုန်ကူးမှု ဖြစ်စေသည့် မည်သည့် လုပ်ငန်းကိုမဆို ရှောင်ကြဉ်ရမည်ဖြစ်ပြီး၊ ယင်းလုပ်ငန်းတွင် တက်ကြွစွာ ပါဝင် ပတ်သက်ခြင်း၊

လုပ်ဆောင်ခြင်း သို့မဟုတ် အကျိုးအမြတ် ရယူခြင်းတို့ကို တားမြစ်ပါသည်။ လူကုန်ကူး ခံရသူ၏ သဘောတူညီချက် ရရှိသည်ဟု ဆိုခြင်းမှာ ဆီလျော်မှု မရှိပါ.

**၃-၂။ "လူကုန်ကူးခြင်း"** ဆိုသည်မှာ ခေါင်းပုံဖြတ်ရန် အလို့ငှာ ခြိမ်းခြောက်၍ သို့မဟုတ် အင်အား အသုံးပြု၍ သို့မဟုတ် အခြား ပုံစံ အမျိုးမျိုးဖြင့် အကျပ်ကိုင်၍၊ လိမ်လည်လှည့်ဖြား၍၊ လှည့်စား၍၊ ဩဇာအာဏာကို ဖြစ်စေ၊ ခုခံနိုင်စွမ်း နည်းပါးမှုကို ဖြစ်စေ၊ အသုံးချ၍ သို့မဟုတ် အခြားသူ တစ်ဦးအပေါ် ထိန်းချုပ်နိုင်မှုရှိသူ တစ်ဦး၏ သဘောတူညီချက်ကို အကောင်အထည်ဖော်ရန် အတွက် ငွေကြေး သို့မဟုတ် အကျိုးခံစားခွင့်ကို ပေးအပ်၍ သို့မဟုတ် လက်ခံ ရယူ၍ လူသစ် စုဆောင်းခြင်း၊ ပို့ဆောင်ခြင်း (အပြန်ခရီးအတွက် စီစဉ်ပေးရန် ပျက်ကွက်ခြင်း အပါအဝင်) တို့ကို ဆိုလိုပါသည်။

**၃-၃။ "ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်း"** ဆိုရာတွင် အနိမ့်ဆုံး အနေဖြင့် အခြားသူများအား ခေါင်းပုံဖြတ်ခြင်း သို့မဟုတ် ပြည့်တန်ဆာအဖြစ် လုပ်ကိုင်စေခြင်း သို့မဟုတ် အခြား လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်းများ၊ အတင်းအကျပ် ခိုင်းစေခြင်း သို့မဟုတ် ဝန်ဆောင်မှု ပေးစေခြင်း၊ ကျွန်ပြုခြင်း သို့မဟုတ် ကျွန်အဖြစ် ခိုင်းစေခြင်းနှင့် အလားတူသည့် လုပ်ငန်းများ၊ ကျွန်ပြုခြင်း၊ သို့မဟုတ် ကိုယ်အင်္ဂါများကို ဖယ်ရှားထုတ်ယူခြင်းတို့ ပါဝင်ပါသည်။ အသက် ၁၈ နှစ် မပြည့်သေးသူ တစ်ဦးဦးအား ခေါင်းပုံဖြတ် အမြတ်ထုတ်ရန် အလို့ငှာ လူသစ် စုဆောင်းခြင်း၊ ပို့ဆောင်ခြင်း၊ လွှဲပြောင်းပေးခြင်း၊ ဝှက်ထားပေးခြင်း၊ လက်သင့်ခံခြင်းတို့ကို လူကုန်ကူးမှု အဖြစ် ယူဆပါသည်။

**၃-၄။** လူကုန်ကူးမှုကို အထောက်အကူ ဖြစ်စေသောကြောင့် ဤမူဝါဒကို ချိုးဖောက်ရာ ရောက်သည့် အဖွဲ့သား သို့မဟုတ် မိတ်ဖက်၏ အပြုအမူ အတွက် ဥပမာများတွင် (ကန့်သတ်ထားခြင်း မရှိသော်လည်း) အောက်ပါတို့ ပါဝင်သည်-

**၃-၄-၁။** ငွေပေး၍ လိင်ဆက်ဆံမှု ပြုခြင်း

**၃-၄-၂။** ကန်ထရိုက် စာချုပ်၊ ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီချက် သို့မဟုတ် ချီးမြှင့်မှု တစ်ခုခုကို ပြုလုပ်ရန်အတွက် အတင်းအကျပ် ခိုင်းစေခြင်း

**၃-၄-၃။** ဝန်ထမ်း တစ်ဦးဦး၏ နိုင်ငံကူးလက်မှတ် သို့မဟုတ် ယာဉ်မောင်းလိုင်စင် တို့ကဲ့သို့ မည်သူမည်ဝါ ဖြစ်ကြောင်း သက်သေခံ အထောက်အထား သို့မဟုတ် လူဝင်မှု ကြီးကြပ်ရေး ဆိုင်ရာ အထောက်အထား များကို ဖျက်ဆီးခြင်း၊ ဝှက်ထားခြင်း၊ သိမ်းယူခြင်း သို့မဟုတ် အခြားနည်းဖြင့် မရရှိအောင် ပိတ်ပင်ခြင်း

**၃-၄-၄။** ဝန်ထမ်းသစ် စုဆောင်းရာတွင် အလားအလာရှိသော အလုပ် လျှောက်ထားသူအား သတ်မှတ်ထားသော ပုံစံနှင့် ၎င်းတို့ အသုံးပြုနိုင်သော ဘာသာစကားဖြင့် အခြေခံ သတင်းအချက်အလက်များကို

ထုတ်ဖော်ပြသရန် ပျက်ကွက်ခြင်း၊ သို့မဟုတ် လျှောက်ထားသူများအား ရွေးချယ်စုဆောင်းရာတွင် လုပ်ခနှင့် အပိုဆောင်း အကျိုးခံစားခွင့်များ၊ အလုပ် တည်နေရာ၊ နေထိုင်မှု အခြေအနေများ၊ (RI သို့မဟုတ် RI ၏ အခြား "မိတ်ဖက်" တစ်ဦးဦး က ထောက်ပံ့ပါက) အိမ်ရာကိစ္စများနှင့် ဆက်နွယ်သည့် ကုန်ကျစရိတ်များ၊ လျှောက်ထားသူက ကျခံရမည့် ထူးခြားသော ကုန်ကျစရိတ်များနှင့် အကယ်၍သက်ဆိုင်မှုရှိပါက အလုပ်၏ အန္တရာယ်ဖြစ်နိုင်သော သဘော သဘာဝတို့ အပါအဝင် အဓိကကျသော စည်းကမ်း သတ်မှတ်ချက် များကို မမှန်မကန် ဖော်ပြထားသော စာရွက်စာတမ်းများ ပြသခြင်း တို့ကဲ့သို့ လှည့်စား၍ သို့မဟုတ် မမှန်ကန်သော လူသစ် စုဆောင်းမှု နည်းလမ်းကို အသုံးပြုခြင်း၊ သို့မဟုတ် ရာထူးအတွက် အလုပ်အကိုင် ခန့်ထားရန်/ ကန်ထရိုက်စာချုပ် ပြုလုပ်ရန် ကမ်းလှမ်းခြင်း၊

**၃-၄-၅။** လူသစ် စုဆောင်းမှု ပြုလုပ်သော နိုင်ငံ၏ ပြည်တွင်း အလုပ်သမား ဥပဒေများကို လိုက်နာမှု မရှိသော လူသစ် စုဆောင်းပေးသူများကို အသုံးပြုခြင်း

**၃-၄-၆။** သက်ဆိုင်သည့်/ လျှောက်ထားသူ/ ဝန်ထမ်းသစ် စုဆောင်းသည့် အခကြေးငွေ တောင်းခံခြင်း

**၃-၄-၇။** ဥပဒေ သို့မဟုတ် ကန်ထရိုက် စာချုပ်အရ လိုအပ်ပါက အလုပ်ခန့်ထားမှု ပြီးဆုံးသည့်အခါ အပြန်ခရီး စီစဉ်ပေးရန် ပျက်ကွက်ခြင်း သို့မဟုတ် အပြန်ခရီးအတွက် ကုန်ကျစရိတ် ထုတ်ပေးရန် ပျက်ကွက်ခြင်း

**၃-၄-၈။** ဥပဒေ သို့မဟုတ် ကန်ထရိုက် စာချုပ်အရ လိုအပ်ပါက အလုပ်ခန့်ထားမှုစာချုပ်၊ လူသစ် စုဆောင်းရန် သဘောတူညီချက် သို့မဟုတ် အခြား လိုအပ်သော အလုပ်နှင့် ပတ်သက်သည့် အခြား စာရွက်စာတမ်း အထောက်အထားကို စာဖြင့်ထုတ်ပေးရန် ပျက်ကွက်ခြင်း

**၃-၅။** ဤမူဝါဒကို ချိုးဖောက်သော ဝန်ထမ်းများသည် အလုပ်မှ ရပ်စဲသည်အထိနှင့် ပြစ်မှုကြောင်း အရ တရားစွဲဆိုခြင်းတို့ဖြင့် စည်းကမ်း ထိန်းသိမ်းရေးအရ အရေးယူ ခံရမည်ဖြစ်ပါသည်။ မိတ်ဖက်များသည် ၎င်းတို့၏ သဘောတူညီချက် ရပ်စဲခြင်း၊ နောင်တွင် RI နှင့်အတူလုပ်ကိုင်ခြင်းကို တားမြစ်ခြင်း နှင့်/ သို့မဟုတ် ပြစ်မှုကြောင်းအရ တရား စွဲဆိုခြင်းတို့ကို ခံရနိုင်ပါသည်။

**၃-၆။** RI ၏ ဝန်ထမ်းများ၊ အတူ တွဲဖက် လုပ်ကိုင်သူများနှင့် မိတ်ဖက်များ အားလုံးသည် RI ၏ လုပ်ငန်းများ ဆောင်ရွက်စဉ် အတွင်း သို့မဟုတ် RI ၏ အဆောက်အအုံနှင့် ဥပစာအတွင်း လူကုန်ကူးမှု အဖြစ် သံသယရှိသော မည်သည့် ဖြစ်ရပ်ကိုမဆို အစီရင်ခံ တင်ပြရန် မျှော်လင့်ပါသည်။ ယင်းတို့မှာ လူကုန်ကူးမှု အဖြစ် သံသယရှိသည့် အမှုတစ်ခုကို အစီရင်ခံ တင်ပြသူက မျက်မြင်တွေ့ရှိသည့် ဖြစ်ရပ်များ သို့မဟုတ် တစ်ဆင့်ကြားဖြင့် အစီရင်ခံ တင်ပြသည့် ဖြစ်ရပ်များ ဖြစ်နိုင်ပါသည်။

**၃-၆-၁။ ကာကွယ်စောင့်ရှောက်မှု ဆိုင်ရာ တာဝန်ခံပုဂ္ဂိုလ်ထံ တင်ပြခြင်း** - တာဝန်ခံ ပုဂ္ဂိုလ်သည် အစီရင်ခံ တင်ပြမှု တစ်ခုကို လက်ခံရရှိပါက အွန်လိုင်းမှ ဖြစ်ရပ်တင်ပြမှု ပုံစံကို ဖြည့်စွက်၍ ဖြစ်ရပ် စီမံခန့်ခွဲမှု အဖွဲ့ထံ ၂၄ နာရီအတွင်း ပေးပို့ရမည် ဖြစ်ပါသည်။

**၃-၆-၂။ အရေးပေါ် ဆက်သွယ်မှု လိုင်းမှ ဖြစ်ရပ် အစီရင်ခံ တင်ပြခြင်း** - အကယ်၍ ဝန်ထမ်း တစ်ဦးသည် အကြောင်း တစ်စုံတစ်ရာကြောင့် ဖြစ်ရပ်ကို ၎င်းတို့ အဖွဲ့မှ တာဝန်ခံပုဂ္ဂိုလ်ထံ တင်ပြရန် အဆင် မပြေပါက ဖြစ်ရပ်တင်ပြရန် အရေးပေါ်လိုင်းသို့ တိုက်ရိုက် တင်ပြသင့်ပါသည်။ ယင်းသို့တင်ပြရာတွင် အကယ်၍ ဆန္ဒရှိပါက အောက်ဖော်ပြပါ အွန်လိုင်းမှ ဖြစ်ရပ် အစီရင်ခံ တင်ပြသည့် ပုံစံ၊ ဖြစ်ရပ် တင်ပြရန် အီးမေးလ်လိပ်စာ သို့မဟုတ် ဖြစ်ရပ် တင်ပြသည့် ဖုန်းနံပါတ် တို့မှတစ်ဆင့် အမည် မဖော်ပြဘဲ တင်ပြနိုင်ပါသည်။

- ဖြစ်ရပ် အစီရင်ခံ တင်ပြသည့် ပုံစံ - bit.ly/RIIncidentsHotline
- အီးမေးလ် - incidents@ri.org
- ဖုန်း၊ +၁ (၄၃၄) ၂၈၈-၀၂၀၂
- ဖြစ်ရပ် အစီရင်ခံ တင်ပြရန် အရေးပေါ် လိုင်းမှတစ်ဆင့် တင်ပြသည့် ဖြစ်ရပ်များ အားလုံးသည် ကမ္ဘာလုံးဆိုင်ရာ အာမခံမှု အဖွဲ့ထံ တိုက်ရိုက် ရောက်ရှိပါသည်။

**၃-၆-၃။ မကျေနပ်ချက်များ စုံစမ်းတင်ပြရန် အရာရှိထံ တင်ပြခြင်း** - အကယ်၍ ဖြစ်ရပ်တစ်ခုကို တာဝန်ခံပုဂ္ဂိုလ်ထံသို့ ဖြစ်စေ၊ အစီရင်ခံ တင်ပြရန် အရေးပေါ်လိုင်းမှ တစ်ဆင့် ဖြစ်စေ တင်ပြသော်လည်း သင့်လျော်သည့် တုံ့ပြန်မှုတစ်ခုကို မရရှိပါက ဖြစ်ရပ်ကို RI ၏ မကျေနပ်ချက် စုံစမ်းတင်ပြသည့် ပုဂ္ဂိုလ် ထံသို့ အီးမေးလ်လိပ်စာ ombudsperson@ri.org မှတစ်ဆင့် တင်ပြနိုင်ပါသည်။ မကျေနပ်ချက် စုံစမ်းတင်ပြသည့် ပုဂ္ဂိုလ်သည် RI ၏ စီမံခန့်ခွဲရေး၏ ထိန်းချုပ်မှုမှ ကင်းလွတ်၍ လွတ်လပ်သော အဖွဲ့ ဖြစ်ပါသည်။

**၃-၆-၄။ ကမ္ဘာလုံးဆိုင်ရာ လူကုန်ကူးမှုနှင့် ပတ်သက်သည့် အရေးပေါ် ဆက်သွယ်ရေးလိုင်းသို့ တင်ပြခြင်း**- ၁-၈၄၄-၈၈၈-FREE သို့မဟုတ် help@befree.org

**၃-၇။** RI သည် လူကုန်ကူးမှုများကို အလှူရှင်များနှင့် ဥပဒေ လိုအပ်ချက်အရ သင့်လျော်သည့် အာဏာပိုင်များနှင့် အလှူရှင်ထံ အစီရင်ခံ တင်ပြသွားမည်ဖြစ်ပြီး၊ လိုအပ်ချက် မရှိလျှင် RI က သင့်လျော်သည်ဟု ယူဆသည့်အတိုင်း တင်ပြမည် ဖြစ်ပါသည်။ RI သည် တာဝန်ရှိသူများ တာဝန်ခံမှု

ရှိစေရေး အတွက် စုံစမ်းစစ်ဆေးသူများနှင့် ဥပဒေ စိုးမိုးရေး အဖွဲ့များနှင့် ပူးပေါင်း ဆောင်ရွက်မည် ဖြစ်ပါသည်။

## ၄။ လိုအပ်သော လုပ်ထုံးလုပ်နည်းများ

**၄-၁။** အဖွဲ့သားများ အားလုံးသည် မဖြစ်မနေ တက်ရောက်ရမည့် RI ၏ ဝန်ထမ်းများ အပြုအမူဆိုင်ရာ ကျင့်ဝတ်စည်းကမ်း သင်တန်းနှင့် လူကုန်ကူးမှု တိုက်ဖျက်ရေး သင်တန်းများမှ တစ်ဆင့် ဤမူဝါဒပါ အချက်အလက်များကိုသင်တန်းပေးမည် ဖြစ်ပါသည်။

**၄-၂။** RI ၏ ရုံး အားလုံးတွင် RI ၏ လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ ပိုစတာများကို ရုံး၏ အဓိက ဘာသာစကားသို့ ပြန်ဆိုပြီး၊ ဝန်ထမ်းအားလုံး မြင်သာသော နေရာများတွင် ကပ်ထားမည် ဖြစ်ပါသည်။

**၄-၃။** မိတ်ဖက်များနှင့် ချုပ်ဆိုသော RI ၏ သဘောတူညီချက်များ အားလုံးတွင် မိတ်ဖက်များ အနေဖြင့် ဤမူဝါဒပါ အချက်အလက်များကို လိုက်နာရန်နှင့် ၎င်းတို့၏ ဝန်ထမ်းများ သိရှိအောင် ဆောင်ရွက်ထားရမည့် အပိုဒ်တစ်ပိုဒ် ပါရှိမည် ဖြစ်ပါသည်။

**၄-၄။** ဌာနေ ညွှန်ကြားရေးမှူးများ သို့မဟုတ် အဆင့်မြင့် ဦးဆောင်သူများသည် ဤမူဝါဒအား ချိုးဖောက်သည်ဟု သံသယ ရှိမှုများ အားလုံးကို ဥပဒေ အကျိုးဆောင်ချုပ် (General Counsel) သို့မဟုတ် ကျင့်ဝတ်နှင့် လိုက်နာဆောင်ရွက်ရေး ဆိုင်ရာ အရာရှိချုပ် (Ethics and Compliance Officer) တို့ထံ အစီရင်ခံ တင်ပြရန် လိုအပ်ပြီး၊ ယင်းကို RI ၏ ကျင့်ဝတ်နှင့် လုံခြုံရေးဆိုင်ရာ ဖြစ်ရပ် အစီရင်ခံ တင်ပြရေးနှင့် စီမံခန့်ခွဲရေး နှင့် မသမာမှု ဖော်ထုတ်ရေး မူဝါဒများနှင့် အညီ နောက်ဆက်တွဲ ဆက်လက် ဆောင်ရွက်၍ တုံ့ပြန်မည် ဖြစ်ပါသည်။ မည်သည့် အချိန်တွင်ဖြစ်စေ မူဝါဒ ချိုးဖောက်သည်ဟု သံသယ ရှိမှုများကို မည်သူမဆို RI ၏ ဖြစ်ရပ် အစီရင်ခံ တင်ပြသည့် အရေးပေါ်လိုင်း နှင့်/ သို့မဟုတ် ကမ္ဘာလုံးဆိုင်ရာ လူကုန်ကူးမှုနှင့် ပတ်သက်၍ ဆက်သွယ်ရန် အရေးပေါ်လိုင်း 1-844-888-FREE သို့မဟုတ် help@befree.org သို့ တင်ပြ တိုင်ကြားနိုင်ပါသည်။

## ၅။ မူဝါဒ စီမံခန့်ခွဲခြင်း

**၅-၁။** ဤမူဝါဒအား စောင့်ကြပ် စစ်ဆေးရန်၊ အကျိုးသက်ရောက်မှု ရှိစေရန်နှင့် ခေတ်နှင့်အညီ မွမ်းမံ ပြင်ဆင်ရန်နှင့် လိုက်နာ ဆောင်ရွက်မှု ရှိစေရန်မှာ General Counsel နှင့် Chief Ethics and Compliance Officer တို့၏ တာဝန် ဖြစ်ပါသည်။ ယင်းတာဝန်များတွင် လိုက်နာဆောင်ရွက်ရေး အစီအစဉ် (များ) ကို အကောင်အထည် ဖော်ရန်နှင့် ထောက်ခံချက် ထုတ်ပေးရေး လိုအပ်ချက်များ ပါဝင်ပါသည်။

## ၆။ မူဝါဒ စီမံ အုပ်ချုပ်ရေး

ဤမူဝါဒကို Relief International, Inc. (အမေရိကန် ပြည်ထောင်စု) ညွှန်ကြားရေးမှူးများ ဘုတ်အဖွဲ့က ၂၀၂၁ ခုနှစ်၊ မတ်လ ၉ ရက်နေ့တွင်လည်းကောင်း၊ Relief International ယူကေ ညွှန်ကြားရေးမှူးများ ဘုတ်အဖွဲ့က ၂၀၂၁ ခုနှစ်၊ မတ်လ ၉ ရက်နေ့တွင်လည်းကောင်း၊ MRCA/ Relief International - ပြင်သစ် ညွှန်ကြားရေးမှူးများ ဘုတ်အဖွဲ့က ၂၀၂၁ ခုနှစ်၊ မတ်လ ၉ ရက်နေ့တွင်လည်းကောင်း၊ Relief International ဥရောပ (ဘယ်လ်ဂျီယမ်) ညွှန်ကြားရေးမှူးများ ဘုတ်အဖွဲ့က ၂၀၂၁ ခုနှစ်၊ မတ်လ ၉ ရက်နေ့တွင် လည်းကောင်း အတည်ပြုခဲ့ပါသည်။ ဤမူဝါဒအား မွမ်းမံပြင်ဆင်ခြင်း သို့မဟုတ် ပြောင်းလဲခြင်း များကို ဘုတ်အဖွဲ့ (များ)၏ သဘောတူညီချက်ဖြင့်သာ ဆောင်ရွက်နိုင်ပါသည်။